ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၇) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်နည်းဥပဒေများအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းရန် မလိုအပ်သည့် ပေးချေငွေအမျိုးအစား သတ်မှတ်ခြင်း။ | ၄ |
| ၃။ | စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အနုညာတဖြေရှင်းရေးစင်တာ၏နည်းဥပဒေ (SIAC Rules) ပါကျွမ်းကျင်သူခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၅-၈ |
| ၄။ | အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (1976 TREATY OF AMITY AND COOPERATION IN SOUTHEAST ASIA-TAC) အကြောင်းသိကောင်းစရာ။ | ၉-၁၁ |
| ၅။ | သက်တမ်းရင့်သစ်တောများ သစ်ခုတ်ခြင်းကို ခွင့်ပြုထားသည့် ထရမ့်ခေတ် အုပ်ချုပ်မှုအပြောင်းအလဲသည်ဥပဒေများကိုချိုးဖောက်သည်ဟုတရားသူကြီးက မှတ်ချက်ပြုလိုက်ခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၇) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် နည်းဥပဒေများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ကရင်ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ၊ ရှမ်းပြည်နယ်၏၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၃၉/၂၀၂၃ ဖြင့် ထုတ်ပြန်ထားသည့် လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းရန် မလိုအပ်သည့် ပေးချေငွေ အမျိုးအစား သတ်မှတ်ခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ညွှန်ကြားချက်အမှတ် ၀၂၇/၂၀၂၃ဖြင့် ပုလဲနှင့် မုတ်ခွံ ခွဲဝေမှုအချိုးအားပြင်ဆင်သတ်မှတ်ခြင်းတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (၁.၉.၂၀၂၃) ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၀၂၇/၂၀၂၃ ဖြင့် ပုလဲနှင့် မုတ်ခွံခွဲဝေမှု အချိုးအား ပြင်ဆင်သတ်မှတ်ခြင်းကို ထုတ်ပြန်ခဲ့ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၉ အရ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မုတ်ကောင်သားဖောက်ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ပုလဲနှင့် မုတ်ခွံ ခွဲဝေမှုအချိုးအား ၁-၁-၂၀၂၄ ရက်နေ့မှစ၍ အရင်းမကျေမီ ကာလ (၅) နှစ်တွင် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ၁၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၉၀ ရာခိုင်နှုန်း၊ ကနဦး (၅) နှစ်နောက်ပိုင်းတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ၂၅

ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၇၅ ရာခိုင်နှုန်းဖြင့် ခွဲဝေဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း ထုတ်ပြန်ထားသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းရန် မလိုအပ်သည့် ပေးချေငွေအမျိုးအစား သတ်မှတ်ခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် လစာခေါင်းစဉ်မှ အပ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင်ပင်ရင်းမှ နုတ်ယူပေးသွင်းရန်မလိုအပ်သည့် ပေးချေငွေ အမျိုးအစားသတ်မှတ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို ၃၀-၈-၂၀၂၃ ရက်နေ့ တွင် အမိန့်ကြော်ငြာစာ အမှတ် ၁၃၉/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ပါ "လစာခေါင်းစဉ်ဖြင့် ရရှိသောဝင်ငွေမှအပ ကျန်ခေါင်းစဉ်များဖြင့် ရရှိသော ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေရန် ကိစ္စ အလို့ငှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်" ဆိုသည့် ပြဋ္ဌာန်းချက်အရ ၁၈-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ဖြင့် လစာခေါင်းစဉ်မှအပ ပေးချေငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ကျသင့်သောဝင်ငွေခွန်ရာခိုင်နှုန်းကို နုတ်ယူပေးသွင်းရန် ထုတ်ပြန်သတ်မှတ်ခဲ့ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် ၇ အပိုဒ်ခွဲ(က)တွင် "ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စု အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ပေးချေငွေ အမျိုးအစားတစ်ရပ်ရပ်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်း ရန်မလိုအပ်ကြောင်း သတ်မှတ်ပေးနိုင်သည်" ဟု ထုတ်ပြန်ထားသဖြင့် ယခုအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်အရ အောင်ဘာလေထီလက်မှတ်အား အွန်လိုင်း (Online) စနစ်ဖြင့် ထီလက်မှတ်လစဉ်ရောင်းချရသည့် ရောင်းရငွေ၏ ၂% ကို ဝန်ဆောင်မှုဆောင်ရွက်ခအဖြစ် ပေးချေငွေများနှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချေရာတွင် ပင်ရင်းမှ နုတ်ယူ ပေးသွင်းရန် မလိုအပ်သော ပေးချေငွေအမျိုးအစားအဖြစ် သတ်မှတ်ကြောင်းနှင့် ယင်းအမိန့်ကြော်ငြာစာ သည် ၁-၇-၂၀၂၃ ရက်နေ့မှစ၍ အကျိုးသက်ရောက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ<br>ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၇)     ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

## စင်္ကာပူနိုင်ငံ၏အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏နည်းဥပဒေ (SIAC Rules) ပါ ကျွမ်းကျင်သူခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏ နည်းဥပဒေများကို ၂၀၁၆ ခုနှစ်တွင် ၆ ကြိမ်မြောက်အဖြစ် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး ယခုအခါ အဆိုပါ နည်းဥပဒေအား ၇ ကြိမ်မြောက်အဖြစ် ပြင်ဆင်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အနုညာတဖြေရှင်းရေးစင်တာ၏ ၇ ကြိမ်မြောက် ပြင်ဆင်မည့်နည်းဥပဒေ (မူကြမ်း)အပေါ် အများပြည်သူများ၏သဘောထားမှတ်ချက်များရယူနိုင်ရေး (Public Consultation) ဆောင်ရွက်နိုင်ရန်အတွက် ကြေငြာချက်ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အနုညာတဖြေရှင်းရေးစင်တာသည် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ခုံသမာဓိများခန့်အပ်၍ အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ပေးသည့်အပြင် ဘာသာရပ်ဆိုင်ရာ အငြင်းပွားမှုကိစ္စရပ်နှင့်စပ်လျဉ်း၍ လိုအပ်သော ကျွမ်းကျင်သူ ခန့်အပ်သည့် ကိစ္စရပ်များကိုပါ ဝန်ဆောင်မှုပေးပါသည်။ ကျွမ်းကျင်သူခန့်အပ်သည့် လုပ်ထုံးလုပ်နည်းများသည် အမှုအမျိုးအစားတစ်ခုချင်းစီပေါ်မူတည်၍ ကွဲပြားမှုရှိပါသည်။ အမှုတွင်ပါဝင်သူတစ်ဦးဦးက စင်ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာက ကျွမ်းကျင်သူခန့်အပ်ပေးသည့်ဝန်ဆောင်မှုရယူရန် ဆန္ဒရှိပါက စင်ကာပူနိုင်ငံ၏အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာသို့ စာဖြင့်ရေးသားတင်ပြရပါမည်။ ထိုသို့စာဖြင့် တင်ပြရာတွင် အတိအကျသတ်မှတ်ထားသည့် လျှောက်လွှာပုံစံမရှိသော်လည်း အမှုတွင်ပါဝင်သူများ၏ အမည်၊ လူမျိုး၊ ဆက်သွယ်ရန်အချက်အလက်၊ အငြင်းပွားမှုနှင့် သက်ဆိုင်သည့်စာချုပ်နှင့်အခြားစာရွက်စာတမ်းများ၊ ကျွမ်းကျင်သူခန့်အပ်ကြောင်း သဘောတူညီချက်၊ အငြင်းပွားမှု ဖြစ်ပွားသည့် အကြောင်းအရာအကျဉ်းချုပ်တို့ ဖော်ပြပါရှိရပါမည်ဖြစ်ပါသည်။

ကျွမ်းကျင်သူခန့်အပ်ခြင်းကို ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏ နည်းဥပဒေများ၊ နည်းဥပဒေ ၂၆ ၌ ဖော်ပြထားရာ ခုံရုံးက ခန့်အပ်သော ကျွမ်းကျင်သူများနှင့်စပ်လျဉ်း၍ အငြင်းပွားသူများသည် အခြားနည်းဖြင့် သဘောတူညီ

ထားခြင်းမရှိပါက ခုံရုံးသည် အငြင်းပွားသူများနှင့်တိုင်ပင်၍ သီးခြားအငြင်းပွားသည့် အကြောင်းအရာအတွက် ခုံရုံးသို့ အစီရင်ခံတင်ပြရန် ကျွမ်းကျင်သူ တစ်ဦးဦးကိုခန့်ထားနိုင်ပြီး စပ်ဆိုင်သောသတင်းအချက်အလက်၊ စာတမ်းအမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းကို ကျွမ်းကျင်သူအားပေးအပ်ရန် သို့မဟုတ် ထုတ်ဖော်ပြသရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုရန် အငြင်းပွားသူတစ်ဦးဦးမှ တောင်းဆိုနိုင်ကြောင်း၊ ကျွမ်းကျင်သူသည် ခုံရုံးသို့စာဖြင့် အစီရင်ခံတင်ပြရမည်ဖြစ်ပြီး ယင်းအစီရင်ခံစာကို ခုံရုံးမှ လက်ခံရရှိပြီးပါက အစီရင်ခံစာမိတ္တူကို အငြင်းပွားသူများထံပေးပို့၍ ၎င်းအပေါ် အငြင်းပွားသူများ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်ဖြစ်ကြောင်း၊ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ကျွမ်းကျင်သူ၏စာဖြင့် အစီရင်ခံတင်ပြပြီးနောက် ခုံရုံးက လိုအပ်သည်ဟု ထင်မြင်ပါက သို့မဟုတ် အငြင်းပွားသူတစ်ဦးဦးကတောင်းဆိုပါက ကျွမ်းကျင်သူအား ကြားနာစစ်ဆေးမှုတွင် ပါဝင်စေရမည်ဖြစ်ပြီး ကြားနာစစ်ဆေးမှု၌ အငြင်းပွားသူများသည် ကျွမ်းကျင်သူကို မေးမြန်းခွင့်ရှိစေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအနုညာတ ဖြေရှင်းရေးစင်တာ၏ ၇ ကြိမ်မြောက် ပြင်ဆင်မည့် နည်းဥပဒေ(မူကြမ်း)တွင် ကျွမ်းကျင်သူခန့်ထားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါနည်းဥပဒေများ၊ နည်းဥပဒေ ၄၁ တွင်ဖော်ပြထားပြီး အငြင်းပွားသူများမှ ကျွမ်းကျင်သူခန့်အပ်ခြင်းတွင် ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ခန့်အပ်နိုင်ကြောင်း၊ ကျွမ်းကျင်သူ၏ အရည်အချင်း၊ သမာသမတ်ကျမှုနှင့် လွတ်လပ်မှုတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်မှုများအပေါ် ခုံရုံးမှ ဆုံးဖြတ်ပေးရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်သူမှ တင်ပြသော အစီရင်ခံစာကို အငြင်းပွား သူများသာမက Singapore International Arbitration Center(SIAC)၏အတွင်းရေးမှူးရုံးကိုပါတင်ပြရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်သူများကိုကြားနာစစ်ဆေးမှုများ ပြုလုပ်သည့်ကိစ္စရပ်တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ video conference ဖြင့်သော်လည်းကောင်း၊ teleconference ဖြင့် သော်လည်းကောင်း အခြားအီလက်ထရောနစ်ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ပြုလုပ်နိုင်ကြောင်းဖြင့် ပြင်ဆင်ဖြည့်စွက်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာ ၇ ကြိမ်မြောက်ပြင်ဆင်ထုတ်ပြန်မည့် နည်းဥပဒေ(မူကြမ်း) တွင် ကျွမ်းကျင်သူ ခန့်ထားခြင်း နှင့်စပ်လျဉ်း၍ အငြင်းပွားသူများအနေဖြင့် ကျွမ်းကျင်သူတစ်ဦးထက်ပို၍ တောင်းဆိုလာနိုင်ခြင်း၊ ခုံရုံးမှခန့်အပ်သောကျွမ်းကျင်သူ၏ အရည်အချင်းတို့နှင့် စပ်လျဉ်း၍ ကန့်ကွက်မှုများပြုလုပ်နိုင်ခြင်းနှင့် ကျွမ်းကျင်သူများအား အမှုတွင်ကြားနာရန်လိုအပ်ပါက လူကိုယ်တိုင်စစ်ဆေးကြားနာခြင်းအပြင် Virtual စနစ်ဖြင့်ကြားနာမှုပြုလုပ်နိုင်မည်ဖြစ်ခြင်း တို့ကြောင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်တစ်ရပ်လုံးကို မှန်မှန်နှင့်မြန်မြန် အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည် ဖော်နိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေတွင်လည်း ကျွမ်းကျင်သူခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၉ တွင်ဖော်ပြထားပြီး ယင်းပြဋ္ဌာန်းချက်တွင် ကျွမ်းကျင်သူခန့်အပ်ရာတွင် တစ်ဦးထက်ပို၍ခန့်အပ်နိုင်ကြောင်း၊ ကျွမ်းကျင်သူကအစီရင်ခံတင်ပြရာတွင် စာဖြင့်သာမကနှုတ်အားဖြင့်လည်း တင်ပြနိုင်ကြောင်းနှင့် အငြင်းပွားသူများသည် ကျွမ်းကျင်သူကို မေးခွန်းများမေးမြန်းခွင့်ရှိသည့်အပြင် အငြင်းပွားသည့်အချက်များနှင့် စပ်လျဉ်း၍လည်း သက်သေတင်ပြခွင့်ရှိကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြင်ဆင်သည့်နည်းဥပဒေအသစ်ပြဋ္ဌာန်းပြီးပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်တစ်ရပ်လုံးကို မှန်မှန်နှင့် မြန်မြန် အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်လာလိမ့်မည်ဟု သုံးသပ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ကျွမ်းကျင်သူခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ နှိုင်းယှဉ်လေ့လာကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ ဥပဒေတွင်မူ ကျွမ်းကျင်သူခန့်အပ်သည့်ဦးရေကို ကန့်သတ်ထားမှုမရှိဘဲ တစ်ဦးထက်ပို၍ ခန့်အပ်နိုင်ကြောင်း၊ အစီရင်ခံစာ တင်ပြနိုင်မည့် နည်းလမ်းမှာမူတူညီမှုမရှိဘဲ ကျွမ်းကျင်သူ၏ အစီရင်ခံစာအပေါ် အငြင်းပွားသူများက သဘောထားမှတ်ချက်ပေးရန်မလိုကြောင်းနှင့် ကျွမ်းကျင်သူအားအမှုကြားနာရာ၌ ပါဝင်စေခြင်းကိုမူ လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း လက်ခံဆောင်ရွက်ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံ၏အနုညာတစီရင်ဆုံးဖြတ်ခြင်း

ဥပဒေတွင်လည်း SIAC Rules ကဲ့သို့ အနာဂတ်တွင် ပိုမိုမြန်ဆန်ထိရောက်မည့် နည်းလမ်းများကို ထည့်သွင်းနိုင်ရေးအတွက် စဉ်းစားသင့်ပါကြောင်းလေ့လာတွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကျမ်းကိုးစာရင်း**

Singapore International Arbitration Center(SIAC) Rules, 6th edition
Singapore International Arbitration Center (SIAC) Rules , 7th ( draft) edition
မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ ခုနှစ်)

## အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (1976 TREATY OF AMITY AND COOPERATION IN SOUTHEAST ASIA-TAC) အကြောင်းသိကောင်းစရာ

အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၌ကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ ထိပ်သီး အစည်းအဝေးတွင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် နိုင်ငံတို့က ကနဦး လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ၁၉၇၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် စတင် အာဏာသက်ဝင်ပြီး ယနေ့တိုင်အာဏာတည်ဆဲဖြစ်ပါသည်။

စာချုပ်ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံများအကြား ထာဝရငြိမ်းချမ်းရေး၊ ချစ်ကြည်မှု ခိုင်မြဲစေရေး၊ စည်းလုံးညီညွတ်ရေးနှင့် ပို၍ရင်းနှီးသောဆက်ဆံရေးဖြစ်ပေါ်လာစေသည့် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို မြှင့်တင်ရန်ဖြစ်ပါသည်။ TAC သည် အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း ဆက်ဆံရေးကို အဓိကထားပြီး ငြိမ်းချမ်းစွာ၊ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးကို ပုံဖော်ပါသည်။

စာချုပ်တွင် အခန်း ၅ ခန်း၊ အပိုဒ် ၂၀ ပါဝင်ကြောင်းတွေ့ရှိရပြီး စာချုပ်ကို ၁၉၈၇ ခုနှစ် တွင် ပထမအကြိမ်၊ ၁၉၉၈ ခုနှစ် တွင် ဒုတိယအကြိမ်၊ ၂၀၁၀ တွင် တတိယအကြိမ် နောက်ဆက်တွဲစာချုပ် များဖြင့်ပြင်ဆင်ခဲ့ပြီး အဆိုပါပြင်ဆင်ချက်များအရအာဆီယံ၏ပြင်ပနိုင်ငံများနှင့် အချုပ်အခြာအာဏာ ပိုင်နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် TAC သို့ အာဆီယံနိုင်ငံ များ၏ သဘောတူညီချက်ဖြင့် ပါဝင်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဆာဗီးယား၊ ပနားမားနှင့် ကူဝိတ်နိုင်ငံတို့ က လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံက ဇူလိုင်လတွင်လည်းကောင်း TAC ကို အသီးသီး လက်မှတ် ရေးထိုးခဲ့ကြပြီး အာဆီယံနှင့်အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အမေရိကအလယ်ပိုင်းတို့အကြားပူးပေါင်း ဆက်ဆံရေးကိုမြှင့်တင်ခဲ့ပါသည်။ ထို့ပြင် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ဆိုင်ရာ မူဝါဒအပြန်အလှန်ဆွေးနွေးခြင်း အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ရှိ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး၌ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့ပြီး အစည်းအဝေး

တွင် TAC သည် လက်တလောပထဝီနိုင်ငံရေးစိန်ခေါ်မှုများတွင် အဓိကကဏ္ဍတွင်ပါဝင်ကြောင်း၊ စာချုပ်ကို စစ်အေးကာလတွင်ချုပ်ဆိုခဲ့ခြင်းဖြစ်သဖြင့် ယင်းစည်းမျဉ်းများသည် ပထဝီနိုင်ငံရေးတင်းမာမှုများအပေါ် သက်ရောက်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံပြင်ပနိုင်ငံများအနေဖြင့် TAC တွင် အတည်ပြုပါဝင်ခြင်းဖြင့် နိုင်ငံအချင်းချင်းကြား အထူးသဖြင့် ကုန်သွယ်ရေးချဲ့ထွင်လာနိုင်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးကဏ္ဍတိုးတက်လာပါသည်။ TAC တွင်ပါဝင်ခြင်းဖြင့် ဒေသတွင်းအာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းသာမက အာဆီယံပြင်ပနိုင်ငံများနှင့်ဆက်ဆံရေးအပေါ် များစွာအကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး စာချုပ်၏ ရည်ရွယ်ချက်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အဖွဲ့ဝင်အသစ်များနှင့်ပါ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ စာချုပ်၏ နောက်ဆက်တွဲပြင်ဆင်ချက်များအရ TAC တွင် အဖွဲ့ဝင်သစ်များပါဝင်လာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ အတည်ပြုစာလွှာများပေးပို့လျက်ရှိပြီး ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အတည်ပြုစာလွှာများကို ဥပဒေကြောင်းအရစိစစ်၍သဘောထားမှတ်ချက်ပြန်ကြားလျက်ရှိပါသည်။

TAC တွင် အရေးကြီးသည့်အပိုင်းဖြစ်သည့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းမည်ဖြစ်ပြီး အငြင်းပွားမှု များကိုဖြေရှင်းရန် ဒေသဆိုင်ရာလုပ်ငန်းစဉ်အဖြစ် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ဝန်ကြီးအဆင့်ရှိ ကိုယ်စားလှယ်တစ်ဦးပါဝင်သည့် အဆင့်မြင့်ကောင်စီကို ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြ ထားသော်လည်း TAC ကို ချုပ်ဆိုသည့်အချိန်မှစ၍ ယနေ့တိုင် အဆိုပါအဆင့်မြင့်ကောင်စီကို ဖွဲ့စည်းရန် မလိုအပ်ခြင်းမှာ TAC ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

References - 1976 treaty of amity and cooperation in Southeast Asia

- https://www.thejakartapost.com/world/2023/09/05/three-countries-sign-cooperation-treaty-with-asean.html
- https://en.vietnamplus.vn/indonesia-stresses-significance-of-treaty-of-amity-and-cooperation-in-southeast-asia/256158.vnp
- https://cil.nus.edu.sg/databasecil/1976-treaty-of-amity-and-cooperation-in-southeast-asia-3/

## သက်တမ်းရင့်သစ်တောများ သစ်ခုတ်ခြင်းကို ခွင့်ပြုထားသည့် ထရမ့်ခေတ် အုပ်ချုပ်မှု အပြောင်းအလဲသည် ဥပဒေများကို ချိုးဖောက်ခြင်းဟု တရားသူကြီးက မှတ်ချက်ပြုသည့်သတင်း

၁၉၉၄ ခုနှစ် ကတည်းကအကာအကွယ်ပေးထားသည့် ပစိဖိတ်အနောက်မြောက်ပိုင်းရှိသစ်တောများကို ခုတ်ထွင်ခွင့်ပြုထားသည့် ထရမ့်ခေတ်အုပ်ချုပ်မှုအပြောင်းအလဲသည်၊ အမျိုးသားသဘာဝပတ်ဝန်းကျင်မူဝါဒအက်ဥပဒေ၊ အမျိုးသားသစ်တောစီမံခန့်ခွဲမှုအက်ဥပဒေနှင့် မျိုးသုဉ်းလုနီးပါးမျိုးစိတ်များ အက်ဥပဒေတို့ကို ချိုးဖောက်ခဲ့ကြောင်း U.S. ဖက်ဒရယ်တရားသူကြီး Andrew Hallman က တွေ့ရှိခဲ့သည်။ အဆိုပါတွေ့ရှိချက်သည် ထရမ့်ခေတ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက တရားစွဲဆိုထားခြင်းအပေါ် တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

သစ်တောဌာန၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်ချက်နှင့် သိသာထင်ရှားသော အကျိုးသက်ရောက်မှုမရှိသည့်တွေ့ရှိမှုများကို ဖယ်ရှားသင့်ကြောင်းနှင့် U.S Forest Service အနေဖြင့် အဆိုပါထရမ့်ခေတ်ပြောင်းလဲမှုနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ကြေညာချက်အပြည့်အစုံကို ပြင်ဆင်ရန်လိုအပ်ကြောင်း တရားသူကြီး Hallman မှ အကြံပြုထားသည်။ U.S Forest Service သည်တရားသူကြီး၏တွေ့ရှိချက်နှင့်အကြံပြုချက်များကို တုန့်ပြန်ခြင်းမရှိသေးဘဲ ကန့်ကွက်ရန် အချိန်နှစ်ပတ်ရှိပါသည်။

ထရမ့်ခေတ်အုပ်ချုပ်မှုအပြောင်းအလဲဖြင့် အကာအကွယ်ပေးခြင်းဆိုရာတွင် မီးဒဏ်ခံနိုင်သောမျိုးစိတ်များကို ကာကွယ်ရန် အနည်းဆုံးနှစ် 150 သက်တမ်းရှိသောသစ်ပင်များကို သစ်ပင်များရောနှောထိန်းသိမ်းခြင်း (mix of trees) ပြုလုပ်ခြင်းဖြစ်သည်။

အုပ်ချုပ်မှုဒဏ်ခံရသောဧရိယာသည် မေရီလန်းပြည်နယ်၏အရွယ်အစားခန့်ရှိပြီး အနည်းဆုံးဧက ၇ သန်းခန့်ရှိရာ အော်ရီဂွန်အရှေ့ပိုင်းနှင့် အရှေ့တောင်ဘက် ဝါရှင်တန် ပြည်နယ်ရှိ အမျိုးသားသစ်တောခြောက်ခုလည်း အပါအဝင်ဖြစ်သည်။

အစိုးရ၏သဘာဝပတ်ဝန်းကျင်အကဲဖြတ်ချက်သည် မီးဘေးအန္တရာယ် လျှော့ချရန်ဖြစ်ပြီး သစ်ပင်ကြီးများ လျော့ပါးလာသော်လည်း ထိရောက်မှု ရှိ မရှိနှင့်ပတ်သက်၍ သိပ္ပံနည်းကျဖြေရှင်းနိုင်ခြင်းမရှိကြောင်းကို အဆိုပါတရားစွဲဆိုမှုက ညွှန်ပြနေပါသည်။ သစ်ပင်ကြီးများ ခုတ်ထွင်ခြင်းသည် အမှန်တကယ် မီးပြင်းထန်မှုကို တိုးမြင့်စေနိုင်သည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ပြောကြားသည်။

အော်ရီဂွန်ပြည်နယ် Pendleton ရှိ ဗဟိုတရားရုံးတွင် တင်သွင်းသည့် တရားစွဲမှုတွင် သစ်ပင်ကြီးများသည် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်နှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်းနှင့် ရာစုနှစ် တစ်ခုကျော်ကြာ မြင့်မားသော သစ်ခုတ်လှဲမှုများတွင် အခိုင်အမာ သက်သေအထောက်အထားများရှိကြောင်း တရားစွဲဆိုသူများက ပြောကြားခဲ့သည်။

သမ္မတဘိုင်ဒင်သည် တောမီးနှင့် ရာသီဥတုဖောက်ပြန်ခြင်းကဲ့သို့သော သက်ကြီးသစ်ပင်များအတွက် ခြိမ်းခြောက်မှုများနှင့် သစ်တောများကို ကာကွယ်ရန်အတွက် မူဝါဒများချမှတ်ရန် အလို့ငှါ အမှုဆောင်အမိန့်ကို ယခုနှစ်အစောပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

သစ်တောဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် "ပုံဆွဲဘုတ်သို့ပြန်သွားသောအခါ၊ ခိုင်မြဲသောဖြေရှင်းချက်တစ်ခုဖန်တီးရန် အများသူငှာအဖွဲ့ဝင်များအားလုံး အဓိပ္ပါယ်ရှိရှိပါဝင်လာမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်" ဟု ရှေ့နေ Klavins မှ ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source; https://www.wfae.org/united-states-world/2023-08-31/judge-trump-era-rule-change-allowing-the-logging-of-old-growth-forests-violates-laws

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

